ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

သတင်းထုတ်ပြန်ချက်

PRF - ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု မှ ရရှိသော ဘဏ္ဍာငွေ သုံးစွဲမှုများနှင့် စပ်လျင်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေ ရှာဖွေရေး အစီအစဉ်တစ်ခု ဖြစ်သည့် PRF - ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ် စတင်ခဲ့သည့်အချိန်ကပင် ယနေ့ထက်တိုင် လစဉ်မပျက် ထည့်ဝင်ပေးခဲ့ကြသော ထောက်ပို့ မိသားစု ရဲဘော်များ ၊ Fundraiser များ နှင့် OFP အဖွဲ့ဝင်များအားလုံးကို ကျေးဇူး အထူး တင်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ်မှ တဆင့် (၁၅) လ တာ ကာလအတွင်း ဘဏ္ဍာငွေ ခန့်မှန်းအမေရိကန်ဒေါ်လာ (၉.၄၂) သန်း ရရှိခဲ့ပါသည်။ အဆိုပါ ဘဏ္ဍာငွေများကို ပြည်သူ့ ကာကွယ်ရေးတပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရိက္ခာထောက်ပံ့ငွေအဖြစ် သုံးစွဲခဲ့ပြီး စုစုပေါင်း ရိက္ခာ ထောက်ပံ့ငွေ ၏ ၇၅ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၃။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ်မှ ရရှိသည့် ဘဏ္ဍာငွေ များကို စနစ်တကျလက်ခံ၍ တပ်ရင်းများ၏ ရိက္ခာဖူလုံရေးကိစ္စရပ်များတွင် အဓိက အသုံးပြုနေပြီး လစဉ် အသုံးပြုနေ မှုများကို သင့်တော်သလို သတင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ